ပုံစံ(၁၁)

ခုံသမာဓိကောင်စီ

ခုံအဖွဲ့၏ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၂၃(စ) }

ခုံအဖွဲ့

၂၀၁၆ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ်( ၃၀ /၂၀၁၆)

| | |
|---|---|
| ဦးဇာနည်မျိုးဝင်း(ပိုင်ရှင်)<br>Rich Life Co.,Ltd<br>အောင်ဇေယျမြို့တော်၊<br>လှိုင်သာယာမြို့နယ်။ | လျှောက်ထားသူ |

နှင့်

| | |
|---|---|
| ဦးကျော်စိုးလင်း<br>အမှတ်(၈၉၂/၁)၊ ၁၉ ရပ်ကွက်၊<br>သုမင်္ဂလာလမ်း၊ လှိုင်သာယာမြို့နယ်။ | လျှောက်ထားခြင်းခံရသူ |

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ မေလ ၅ ရက်

## ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အောင်ဇေယျမြို့တော်ရှိ Rich Life Co.,Ltd ပိုင်ရှင် ဦးဇာနည်မျိုးဝင်းနှင့် အလုပ်သမား ဦးကျော်စိုးလင်းတို့အကြား ဖြစ်ပွားသော အငြင်းပွားမှုကို လှိုင်သာယာမြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေး သော်လည်း ပြေလည်မှုမရရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့က ကြားနာစစ်ဆေး ဆုံးဖြတ်ခဲ့သည်။

၂။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့ကအငြင်းပွားမှုအမှတ်(၃၇/၂၀၁၆)အရ ထိုအငြင်း ပွားမှုကို ကြားနာစစ်ဆေးပြီး ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၃။ ဤအငြင်းပွားမှုသည်တောင်းဆိုသူက တောင်းဆိုခြင်းခံရသူထံတွင် အလုပ်ထုတ်ပယ်ခြင်းခံရသည့်အတွက် အလုပ်ထုတ်နစ်နာကြေးတောင်းဆိုသည်မှ ဖြစ်ပွားလာသော အငြင်းပွားမှုဖြစ်သည်။

၄။ ထိုတောင်းဆိုချက်အပေါ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကောက်ချက်(၁)ချက်ရေးဆွဲပြီး အဆုံးအဖြတ်ပေးခဲ့ရာ တောင်းဆိုခြင်းခံရသူမှ အောက်ပါကောက်ချက်(၁)ချက်ပေါ်တွင်ဆုံးဖြတ်သော ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိ၍ လျှောက်ထားခြင်းဖြစ်သည်-

**ကောက်ချက်အမှတ်(၁)။** အလုပ်ရှင်ဖြစ်သူက ဦးကျော်စိုးလင်းအား ပစ္စည်းပျက်စီးဆုံးရှုံးမှုကြောင့်ဟုဆိုကာ အလုပ်မှထုတ်ပယ်ခြင်းအတွက် နို့တစ်ကြေးနှင့် နစ်နာကြေး ရသင့်၊မရသင့်။

**ဆုံးဖြတ်ချက်အမှတ်(၁)။** အလုပ်ရှင်မှ အလုပ်သမား ဦးကျော်စိုးလင်းအား အကြောင်းမဲ့ အလုပ်မှ ထုတ်ပယ်ခြင်းမှန်သည်။ တောင်းဆိုသူ အလုပ်သမား ဦးကျော်စိုးလင်းအား Rich Life Co.,Ltdမှ ၎င်း၏ အခြေခံလစာ ၂၈၀၀၀၀/-ဖြင့် နို့တစ်ကြေးတစ်လစာနှင့် အလုပ်စဝင်သည့် ၁-၁-၂၀၁၃ ရက်နေ့မှ အလုပ်ထုတ်ခံရသည့် ၂၂-၂-၂၀၁၆ ရက်နေ့အထိ လုပ်သက်ကာလ (၃ နှစ်၊ ၁လ၊ ၂၁ ရက်)အတွက် အလုပ်ထုတ်နစ်နာကြေး ၈၄၀၀၀၀/-၊ စုစုပေါင်း - ၁၁၂၀၀၀၀/-ပေးရန် ဆုံးဖြတ်သည်။

၅။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ (၃၇/၂၀၁၆)ဆုံးဖြတ်ချက်အပေါ်တွင် ကျေနပ်မှုမရှိသဖြင့် Rich Life Co.,Ltd ပိုင်ရှင် ဦးဇာနည်မျိုးဝင်းမှ ခုံသမာဓိကောင်စီသို့ အယူခံလျှောက်ထားလာသဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခုံသမာဓိကောင်စီ အမိန့်ကြော်ငြာစာအမှတ် (၃၁/၂၀၁၆)ဖြင့် ခုံသမာဓိကောင်စီ အမှုအမှတ် (၃၁/၂၀၁၆) အားကြားနာစစ်ဆေးမည့် ခုံအဖွဲ့ကို အစိုးရကိုယ်စားလှယ် ဥက္ကဋ္ဌ ဦးအေးငွေ၊ အလုပ်ရှင်ကိုယ်စားလှယ် အဖွဲ့ဝင် ဦးသန်းမောင်နှင့် အလုပ်သမားကိုယ်စားလှယ် အဖွဲ့ဝင် ဦးရဲနိုင်ဝင်းတို့ပါဝင်သည့် ခုံအဖွဲ့အား ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

၆။ ခုံအဖွဲ့မှ အမှုတွဲကို လက်ခံရရှိပြီးနောက် နှစ်ဖက်ထွက်ဆိုချက်များ၊ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှတ်တမ်း၊ ခုံသမာဓိအဖွဲ့နှင့် ခုံသမာဓိကောင်စီရှေ့မှောက် ထွက်ဆိုချက်မှတ်တမ်းများနှင့် တင်ပြလာသော စာရွက်စာတမ်း အထောက်အထားများအပေါ် အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်ရေးဆွဲပြီး ဆုံးဖြတ်လိုက်သည် -

ကောက်ချက်အမှတ်(၁)။ အလုပ်ရှင်မှ ဦးကျော်စိုးလင်းအား အလုပ်ထုတ် နစ်နာကြေး နှင့်နို့တစ်ကြေးပေးရန် တာဝန်ရှိ/မရှိ။

<u>လေ့လာတွေ့ရှိချက်</u>

၇။ ဤအငြင်းပွားမှုတွင် အလုပ်မှထုတ်ပယ်ခံရသည်ဟုဆိုသည့် ဦးကျော်စိုးလင်းသည် ဦးဇာနည်မျိုးဝင်းပိုင် Rich Life Co.,Ltd တွင် ယာဉ်မောင်းအဖြစ် (၁-၁-၂၀၁၃)ရက်နေ့တွင် စတင်လုပ်ကိုင်ခဲ့သည်။ ဦးဇော်လင်းထွန်း၏ (၂၂-၃-၂၀၁၆) ရက်စွဲပါ၊ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့သို့ တင်ပြထားသည့် ချေပလွှာတွင် ဦးကျော်စိုးလင်းကို (၁၅-၁၁-၂၀၁၄)ရက်နေ့တွင် (Project Supervisor) ရာထူးသို့ တိုးမြှင့်ခန့်အပ်ခဲ့ကြောင်း၊ (၂-၇-၂၀၁၅) ရက်နေ့မှစ၍ လစာငွေကျပ် ၂၀,၀၀၀/-ကျပ် တိုးမြှင့်ပြီး ကော်မရှင်ခံစားခွင့် ပြုထားခဲ့ ကြောင်း၊ ၂၀၁၅ ဩဂုတ်လမှစ၍ လစာငွေ ကျပ် ၁၀,၀၀၀/- ထပ်မံတိုးမြှင့်ခံစားခွင့်ပေးခဲ့သည့်အတွက် ၎င်း၏ လစာမှာ ကျပ် ၂၀၀,၀၀၀/- ဖြစ်ကြောင်း တင်ပြထားသည်ကို တွေ့ရှိရသည်။

၈။ ထို့နောက်ပိုင်းတွင် ဦးကျော်စိုးလင်းသည် လုပ်ငန်းတာဝန်ထမ်းဆောင်ရာတွင် ပေါ့လျော့မှု၊ အားနည်းမှု အကြိမ်ကြိမ်ဖြစ်ခဲ့သည့်အတွက်၊ Project Director က အကြိမ်ကြိမ်ခေါ်ယူ သတိပေးဆုံးမခဲ့ရပြီး၊ ၎င်းကြောင့် ကုမ္ပဏီပိုင်ပစ္စည်းထိခိုက်ပျက်စီးမှုများရှိခဲ့သည့်အတွက် Project Supervisor တာဝန်မှ ခေတ္တရပ်နားပြီး Team Supervisor ရာထူးဖြင့် ထားရှိခဲ့ ကြောင်းသိရှိရသည်။

၉။ ဦးကျော်စိုးလင်း၏တာဝန်မှာ Team Supervisor ဆိုသော်လည်း၊ မူလယာဉ်မောင်း တာဝန်ကိုလည်း ထမ်းဆောင်ရသည်။ (၁၃-၂-၂၀၁၆)ရက်နေ့တွင် တံခါးပါကင်ထုပ်များကို ရွှေဇမ္ဗူထိပ်ကွန်ဒိုသို့ပို့ရန် ဦးကျော်စိုးလင်း တာဝန်ယူခဲ့ရပါသည်။ ပစ္စည်းများကို ဂိုဒေါင်မှူးနှင့် အတူ ပစ္စည်းများ အရေအတွက်မှန်မမှန်၊ ပျက်စီးမှုရှိမရှိ စစ်ဆေးပြီး၊ စစ်ဆေးပြီးမှ ကားပေါ်သို့ တင်ခြင်းဖြစ်သည်ဟုဆိုထားသည်။ ဦးကျော်စိုးလင်းသည် ထိုပစ္စည်းများကို ထို့နေ့တွင်ပင် ပို့ဆောင်ပေးခဲ့ပြီး အခန်းတွင် သော့ခတ်သိမ်းဆည်းထားသည်ဟုဆိုထားသည်။

၁၀။ (၁၃-၂-၂၀၁၆)ရက်နေ့တွင် ပို့ထားခဲ့သော ပစ္စည်းများကို လုပ်ငန်းတွင်အသုံးပြုရန်အတွက် (၂၀-၂-၂၀၁၆)ရက်နေ့တွင်မှ ဖွင့်ဖောက်ကြည့်သည့်အခါ၊ ပစ္စည်းများတွင် အစင်းရာနှင့် အပွန်း အပဲ့များကိုတွေ့ရှိရာ၊ ထိုပျက်စီးမှုအတွက် ဦးကျော်စိုးလင်း တာဝန်ရှိသည်ဟုသတ်မှတ်ပြီး၊ ပျက်စီးမှုအတွက် ပေးလျော်ရန်၊ အလုပ်ရှင်က အလျော်တောင်းသည်ဟုဆိုပေသည်။

၁၁။ ဦးကျော်စိုးလင်းက ယင်းပျက်စီးမှုသည် မိမိတစ်ဦးတည်းအပြစ်ကြောင့် မဟုတ်ကြောင်း၊ ပါကင်ဖွင့်စဉ်ကပင်ဖြစ်ကြောင်း၊ အခြားသူများထံမှ လစာမဖြတ်ဘဲ မိမိတစ်ဦးတည်း အဖြတ်ခံရ သည်မှာ မမျှတကြောင်းရှင်းပြရာ၊ GM ဦးဇော်လင်းထွန်းက လက်မခံဘဲ၊ မိမိမောင်းနှင်သော

ယာဉ်အမှတ် 2J-6781မှ ကားသော့ကိုပြန်လည်သိမ်းဆည်းလိုက်ပြီး၊ ပြန်လို့ရပြီဟုသာ ပြောဆို၍ မိမိလစာကိုလည်း မပေးဘဲထားခဲ့ကြောင်း ထွက်ဆိုပြောကြားခဲ့သည်။

၁၂။ အလုပ်ရှင်ဘက်မှလည်း မိမိတို့က ဦးကျော်စိုးလင်းကို အလုပ်မှထုတ်ပယ်ခြင်းမဟုတ်ကြောင်း၊ ၎င်းတာဝန်ပေါ့လျော့မှုကြောင့် ပျက်စီးခဲ့ရသည့် ပစ္စည်းတန်ဖိုးအတွက် ၎င်း၏တာဝန်ရှိမှုကိုသိသာစေရန် အလျော်တောင်းခြင်းဖြစ်ကြောင်း၊ ၎င်းထံမှ အလျော်ပေးသည့်ငွေကိုယူလို၍ မဟုတ်ကြောင်း၊ တာဝန်ရှိမှု၊ တာဝန်ခံမှုတို့ကို သိစေလို၍ဖြစ်ကြောင်း တင်ပြခဲ့ပေသည်။

၁၃။ အလုပ်ရှင်ဘက်မှ တင်ပြထားချက်တွင် ၎င်း၏တာဝန်ပေါ့လျော့မှုအတွက် တာဝန်ရှိသည်သာမက ပေးထားသောလက်ရှိရာထူးတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခြင်းမပြုနိုင်ပါက ၎င်းနှင့်ထိုက်တန်သော တာဝန်ကိုသာပေးအပ်သင့်ကြောင်း၊ အလုပ်ရှင်အနေဖြင့် အလုပ်သမား ကြိုးစားလျှင်ကြိုးစားသလိုချီးမြှင့်လေ့ရှိပါကြောင်း၊ ဦးကျော်လင်းစိုးအနေဖြင့် အလုပ်စဝင်စဉ်သကဲ့သို့ ကြိုးစားလုပ်ကိုင်မည်ဆိုပါက အချိန်တိုအတွင်း ရာထူးလစာတိုးမြှင့်ခံစားရမည်သာဖြစ်ကြောင်း ထွက်ဆိုပြောကြားသည်။

၁၄။ အလုပ်သမားဖြစ်သူ ဦးကျော်စိုးလင်းကလည်း မိမိကို လက်ရှိရာထူး/လစာနှင့်မဟုတ်သဲ့ လူသစ်အလုပ်ဝင်သကဲ့သို့ လုပ်ကိုင်ရမည်ဆိုပါက လက်မခံနိုင်ပါကြောင်း၊ အလုပ်ပြန်မဝင်လိုတော့ပါကြောင်း၊ ပစ္စည်းပျက်စီးဆုံးရှုံးမှုနှင့်ပတ်သက်၍လည်း မိမိတစ်ဦးတည်းအပေါ် တာဝန်ပုံချပြီး တန်ဖိုးအားလုံးအတွက် အလျော်ပေးရမည်ဆိုခြင်းမှာ မျှတမှုမရှိပါကြောင်း၊ မျှတမှုရှိအောင်ဆုံးဖြတ်ပေးပါရန် အသနားခံပါကြောင်း၊ မိမိအတွက် အလုပ်ထုတ်နစ်နာကြေးသာ ခံစားရရှိလိုပါကြောင်း ထွက်ဆိုတင်ပြခဲ့ပါသည်။

<u>သုံးသပ်ချက်</u>

၁၅။ အလုပ်ရှင်၏လုပ်ငန်းနှင့်သက်ဆိုင်သည့် ပစ္စည်းများ ဆုံးရှုံးရမှုသည် ဦးကျော်စိုးလင်း၏ တာဝန်သက်သက်အဖြစ် သတ်မှတ်ပြီး လျော်ကြေးတောင်းဆိုခြင်းမှာ မျှတမှုမရှိကြောင်း၊ ပစ္စည်း သယ်ပို့မှုဖြစ်စဉ် လေ့လာရာ၌လည်း ဦးကျော်စိုးလင်း၏ လုပ်ဆောင်မှုကြောင့် ပစ္စည်းမှာ ပွန်းပဲ့ပျက်စီးရသည့်ဆိုသည့် အချက်ကို မတွေ့ရပေ။ ထို့ကြောင့် ဦးကျော်စိုးလင်းအပေါ် တစ်ဖက်သတ် တာဝန်ရှိသည်ဟုဆိုပါက မျှတမှုရှိလိမ့်မည် မဟုတ်ပေ။

၁၆။ အလုပ်ရှင်ဘက်မှ မိမိတို့က ဦးကျော်စိုးလင်းကို အလုပ်မှထုတ်ပယ်ခြင်းမဟုတ်ပါ ဆိုသော်လည်း မင်းထွက်သွားဟုပြောဆိုပြီး၊ မော်တော်ယာဉ်၏ သော့ကိုပြန်၍ တောင်းယူခဲ့သည့် အတွက် အလုပ်သမားဖြစ်သူက မိမိအား အလုပ်မှထုတ်သည်ဟုယူဆခဲ့ပြီး၊ မြို့နယ်ညှိနှိုင်း ဖျန်ဖြေရေးအဖွဲ့သို့ တိုင်ကြားခဲ့ခြင်းဖြစ်ပေသည်။ ထို့ကြောင့် နှစ်ဖက်ညှိနှိုင်း၍ မရနိုင်ဘဲ ခုံသမာဓိ အဖွဲ့က အဆုံးအဖြတ်ပြုပေးရသည့် အခြေအနေဖြစ်ခဲ့ရပေသည်။

၁၇။ ယခုခုံသမာဓိကောင်စီရှေ့မှောက်သို့ အငြင်းပွားမှုကို အဆုံးအဖြတ်ပြုပေးရမည့် အချိန်တွင် အလုပ်ရှင်ဘက်မှ အလုပ်သမားဖြစ်သူ ပြန်လည်လုပ်ကိုင်လိုပါက နောက်ဆုံးထုတ်လစာနှင့်ပင် ပြန်လည်ခန့်ထားပေးမည်ဖြစ်ကြောင်းတင်ပြခဲ့သည်ကို တွေ့ရှိရသည်။ သို့သော် အလုပ်သမား ဦးကျော်စိုးလင်းဖက်ကလည်း အခြားလုပ်ငန်းတစ်ခုကို လုပ်ကိုင်နေပြီးဖြစ်သည့်အတွက် အလုပ်ဝင်ရောက်ရန် မဖြစ်နိုင်တော့သည် အနေအထားရှိနေကြောင်းတင်ပြခဲ့သည် ။

၁၈။ ထို့ကြောင့် လူမှုရေးအရလည်းကောင်း၊ အလုပ်သမားဖြစ်သူ၏ လုပ်သက်ကို ငဲ့ကွက်၍လည်းကောင်း အလုပ်ရှင်က အလုပ်ထုတ်ခံရသော အလုပ်သမားအပေါ် ထိုက်သင့်သည့် နစ်နာကြေးပေးရန်တာဝန်ရှိကြောင်း ခုံအဖွဲ့ကသုံးသပ်သည်။ ၎င်းအပြင် အလုပ်ရှင်နှင့် အလုပ်သမားနှစ်ဖက် မျှတမှုရှိစေရန် စဉ်းစားရန်လည်း လိုအပ်ပေသည်။ ထို့ကြောင့် ခုံအဖွဲ့က အောက်ပါအတိုင်း ဆုံးဖြတ်လိုက်သည်-

ဆုံးဖြတ်ချက်အမှတ် (၁)။ အထက်ပါအချက်များအပေါ်မူတည်၍ ဤခုံအဖွဲ့အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ကို ပြင်ဆင်၍ အလုပ်ရှင်သည် အလုပ်သမားဖြစ်သူအား နို့တစ်ကြေးပေးရန်မလိုဘဲ၊ လုပ်သက်အလိုက်အလုပ်ထုတ် နစ်နာကြေးအဖြစ် ကျပ် ၈၄၀၀၀၀/- (ကျပ်ရှစ်သိန်းလေးသောင်း) ပေးရန်ဆုံးဖြတ်သည်။

ဤဆုံးဖြတ်ချက်သည်အထက်တွင် ဖော်ပြထားသည့်နေ့ရက်မှစ၍ အာဏာတည်စေရမည်။

အထက်ပါဆုံးဖြတ်ချက်အရ ပေးရန်တာဝန်ရှိသည့်ငွေများကို ရက်ပေါင်း ၃၀ အတွင်း ပေးရမည်။

| | | |
|---|---|---|
| ဦးသန်းမောင် | ဦးအေးငွေ | ဦးရဲနိုင်ဝင်း |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |